# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 29, 2020 Volume 33, Number 20


## တောင်ကြီးမြို့နယ်၌ စတော်ဘယ်ရီများ စတင်စိုက်ပျိုး



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နမ်းဆီးကျေးရွာအုပ်စု မဲဟဲကျေးရွာ၌ စတော်ဘယ်ရီများ စတင်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ ''ကျွန်တော်က စတော်ဘယ်ရီ စိုက်တာ နှစ်နှစ်ပဲရှိသေးတယ်၊ စစိုက်တဲ့နှစ်က မျိုးဝယ်ရတယ် ဒီနှစ်တော့ ကိုယ်ပိုင်မျိုးနဲ့ စိုက်ရတော့ မျိုးဖိုးသက်သာတာပေ့ါ၊ ထိုင်ဝမ်မျိုးပဲစိုက်တယ်၊ ဒေသမျိုးက အလုံးသေးပြီး ပျော့တယ်၊ ထိုင်ဝမ်မျိုးက အလုံးကြီးပြီး မာတယ်၊ ဈေးက သိပ်မကွာဘူး ထိုင်ဝမ်မျိုးက ခရီးဝေးလည်း ပို့လို့ရတယ်၊ ဒါကြောင့် ထိုင်ဝမ်မျိုးပဲ စိုက်တဲ့သူများတယ်၊ စတော်ဘယ်ရီက မစိုက်ခင် မြေဆွရတယ်၊ ကျင်းတူးရတယ်၊ မြေအောက်ကို မြေဩဇာ အဖြစ် ကြက်ချေးထည့်ရတယ်၊ မျိုးကတော့ အရင်နှစ်က စိုက်ထားတဲ့ အပင်တွေကို နုတ်ပြီး အရွက်တွေ ဖြတ်ပစ်ရတယ်၊ အပင်တွေကိုခွဲပြီး ခြောက်လက်မလောက် ခြားထားတဲ့ ကျင်းထဲကို စိုက်ရတယ်၊ ရေကတော့ တစ်ပတ်တစ်ခါ သွင်းရတယ်၊ စိုက်ပြီး သုံးလလောက်ဆိုရင် အသီးသီးပြီ၊ သီးရင်တစ်ပတ်တစ်ခါ အကြီးရွေးပြီးခူးလို့ရပြီ၊ အသီးခူးပြီးတိုင်းလည်း ရေသွင်းရပါတယ်၊ အရင်နှစ်က စတော်ဘယ်ရီပေါ်စမှာ တစ်ခြင်းကို ငွေကျပ် ၃၀၀၀ ရတယ်၊ အသီးတွေပေါလာတော့ ဈေးက တစ်ခြင်းကို ၈၀၀ လောက်ပဲရတယ်၊ ခြံထဲအထိ လာဝယ်ကြပါတယ်''ဟု တောင်ကြီးမြို့နယ် နမ်းဆီးကျေးရွာအုပ်စု မဲဟဲကျေးရွာနေ စတော်ဘယ်ရီစိုက်ပျိုးတောင်သူ ခွန်ထွန်းဦးက ပြောသည်။

အဆိုပါ စတော်ဘယ်ရီသီးများကို ဇူလိုင်လ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးရပြီး အောက်တိုဘာလကုန်ပိုင်းတွင် ခူးဆွတ်ရကြောင်းနှင့် စတော်ဘယ်ရီသီးများကို တောင်ကြီးမြို့ပေါ်ရှိ ဈေးများသို့ တင်ပို့ရောင်းချရကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62844-2020-07-29-09-39-20

| ၂၉.၇.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၀ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၈၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၇/- ကျပ် |
| CBM Rate | = ၁၃၆၉.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၅.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၅.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၃.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၂၂ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တရုတ်နိုင်ငံမှ ဆန်အဝယ်ပိတ်ထားသဖြင့် အစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်လိုလားကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်းပြောကြား

တရုတ်နိုင်ငံမှ အဝယ်ပိတ်ထားသဖြင့် အစိုးရအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရန် လိုလားနေကြောင်း ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။ ရှမ်းပြည်နယ်မှ ထွက်ရှိသော ရှမ်းဆန်သည် တရုတ်နိုင်ငံဘက်မှ အဓိကထားဝယ်ယူသဖြင့် ပိတ်လိုက်ချိန် ရောင်းဝယ်ရေး အခက်အခဲများစွာ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ဆန်ဟောင်းများကျန်သေးသည့်အပြင် ဆန်သစ်များလည်း ထပ်မံဝင်ရောက်လာနေသဖြင့် လုပ်ငန်းလည်ပတ်မှု နှောင့်နှေး ကြန့်ကြာမှု အခက်အခဲများစွာ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။ "သိပ်မသွားရဘူး ဖြစ်နေတယ်။ နည်းနည်းပဲဖြစ်နေတယ်။ တစ်ရက်ကို ခါတိုင်းဆိုရင် ၂၀ နဲ့ ၃၀ လောက်သွားတာ၊ အခု တစ်ရက် လေး ငါးစီးကို မသွားလို့ အဝင်အထွက်မမျှဘူးဖြစ်နေတယ်။ မှန်းဆလို့ မရဘူးဖြစ်နေတာ ဘယ်ချိန် ပြန်ကောင်းလာမလဲ မသိဘူး။ တချို့ ပါမစ်နဲ့သွားလို့ရနေတယ်လို့တော့ပြောတယ်။ အသင်းက မညှိနှိုင်းပေးဘူး။ အစိုးရအချင်းချင်း သွားရင်တော့ ကောင်းတာပေ့ါ။ ဒီမှာလည်း စက်နဲ့ရိတ်တော့ ထားစရာမရှိဘူး။ တောင်သူတွေလည်း ဒုက္ခရောက်တယ်။ပြီးခဲ့တဲ့နှစ် အဟောင်းကလည်း အများကြီးကျန်တယ်။ အဟောင်းမှာလည်း ငွေအိပ်တယ်။ စက်နဲ့ရိတ်တော့ အခြောက်ခံစက်မှာပဲ လာပုံတယ်။ အင်းထဲမှာ နေမလှန်းနိုင်တော့လေ။ တောင်သူတွေက အရင်ကဆိုရင် လက်နဲ့ရိတ်ပြီးသိမ်းထားလို့ရတယ်။ အခုက စက်နဲ့ရိတ်တော့ စက်ကို လာပို့တော့ မထိန်းနိုင်ဘူးဖြစ်နေတယ်"ဟု ရှမ်းတောင်ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးဖိုးဇော် (ငွေကမ္ဘာ) က ပြောကြားသည်။

"အသင်းအနေနဲ့ တောင်းဆိုဖို့ ဆိုတာထက် ကုမ္ပဏီ ၄၃ ခုကို ရောင်းဝယ်ခွင့် ပြုလိုက်တယ်။ ဆန်စပါးကဏ္ဍမှာ ကုမ္ပဏီ ငါးခု လောက်ပါတယ်။ ရှမ်းပြည်နယ်ထဲကတော့ မပါဘူး။ တရုတ်ပြည်ဘက်က ပြန်ဖွင့်ဖို့တော့ ရှိပေမယ့် အရောင်းအဝယ် ပို့ဆောင်ဖို့ ရက်မသတ်မှတ်ရသေးဘူး။ MoU တော့ ထိုးထားပြီ။ ဒီရှမ်းပြည်နယ်ထွက် ဆန်က တရုတ်ဆွဲမှ ဈေးကောင်းရတာကိုး၊ မဆွဲတော့ ဈေးကောင်းမရဘူး ဖြစ်နေတာ။ ကိုဗစ်ကာလနဲ့ ပတ်သက်ပြီး စပါးဟောင်းလည်း ကျန်သေးတယ်။ အသစ်လည်း ထွက်နေပြီ။ တရုတ်မဆွဲတော့ ဈေးကွက်မှာ အီခံနေတာ ဈေးကျတာက တစ်မျိုး၊ အရောင်းအဝယ်ထိုင်းတာ တစ်မျိုး၊ နှစ်မျိုး ဖြစ်နေတာပေ့ါ။ အခုက ဘော်ဒါလမ်းကြောင်းကနေ သွားတာ တစ်လမှ နှစ်စီးလောက် ထွက်နိုင်တာလေ။ ရှမ်းပြည်နယ် အစိုးရ အဖွဲ့နဲ့ တရုတ်အစိုးရအဖွဲ့တို့ သွားတွေ့ပြီးတော့ သဘောတူကြတာရှိတယ်။ ပစ္စည်းကို သူတို့ဆီ အရောက်ပို့ပြီးမှ ကွာလတီ စစ်ဆေးပြီး တန်ဖိုးဖြတ်မယ်လို့ လုပ်တယ်။ ပစ္စည်းရောက်ပြီးချိန်မှ ပိုးမွှားကင်းစင်မှု ထောက်ခံချက်ပါမှ ခွင့်ပြုမယ်ဆိုပြီး ဖြစ်ပြန်ရော၊ စောစောပိုင်း သဘောတူထားတဲ့အပိုင်းမှာလေ။ ဆရာဦးစိုးညွန့်လွင်သွားတွေ့ပြီး နောက်ပိုင်းမှာတော့ ရောင်းဝယ်မှုတော့မရှိသေးဘူး"ဟု ရှမ်းတောင် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဖြစ်သူ ဦးရဲထွန်းကပြောကြားသည်။

ရှမ်းပြည်နယ်တွင်းရှိ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်နေကြောင်း ရှမ်းပြည်တောင်ပိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ လယ်ယာစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး စိုင်းဖြိုးလွင်ဦး ပြောကြားသည်။ "ဆန်စပါးကို ကျွန်တော်တို့အားနဲ့ တင်မရဘူး။ UMFCCI နဲ့ ဝန်ကြီးဌာနတွေ ပူးပေါင်းလုပ်နေတာရှိတယ်။ တရုတ်ကို မက်ထရစ်တန်နှစ်သန်းထင်တယ်။ အဲဒီလို G to G ရဖို့ ကြိုးစားနေတာ နီးစပ်ပြီလို့သိရတယ်။ ဆန်စပါးအသင်းချုပ်က လုပ်နေတာဆိုတော့လေ။ တရုတ်ကလည်း ကန့်သတ်ချက်ရှိတာ သူတို့လိုချင်တဲ့ ကွာလတီစက်ရုံအဆင့်အတန်းတွေ၊ စိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်းတွေပါမှ ရမယ်လို့ရှိတာပေ့ါ။ တစ်ခါတလေကျတော့ အာရှဈေးကွက်ပဲပြောပြော ဥရောပဈေးကွက်ပဲပြောပြော ရှိတယ်။ ဈေးကွက်ရှိပေမယ့် ဘယ်မှာ ပြန်တစ် သွားလဲဆိုတော့ သူတို့သတ်မှတ်တဲ့ အရည်အသွေး စံချိန်စံနှုန်းတွေကို မထုတ်လုပ်နိုင်တော့ တစ်တစ်သွားတယ်။ အဲဒါကျတော့ အစိုးရလုပ်လို့ မရဘူး။ ဆန်စက်လုပ်ငန်းရှင်နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေပေါင်းပြီးလုပ်မှရမယ်။ အဲဒီလို ချာလပတ် ရိုက်နေတယ်။ အစိုးရတော့ သွားလိုက်တယ်။ သူက တောင်းဆိုလာပြီဆိုတော့ ဒုက္ခရောက်ရော အဲဒီလိုဖြစ်နေတယ်။ကုန်သည်အသင်းကလည်း ဒီဘက်က အသင်းတွေကို အသိပညာပေးခြင်းတွေ တောက်လျှောက်လုပ်ဖို့ လိုနေပြီ၊ G to G ကတော့ လုပ်နေတာပဲ၊ အဲဒီလို ပြန်ပြန်လန်ကျနေတာပေ့ါ။ အစိုးရရော ပုဂ္ဂလိကရော ပေါင်းလုပ်မှ ရမလိုဖြစ်နေတယ်"ဟု စိုင်းဖြိုးလွင်ဦးက ပြောကြားသည်။

ရှမ်းပြည်နယ် တောင်ပိုင်းရှိ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တွင်းရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်တို့တွင်ရှိသော

ဆန်စက်လုပ်ငန်းရှင်များ၊ စပါးစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် ကိုဗစ်ကာလအတွင်း လုပ်ငန်းများအားလုံး ရပ်ဆိုင်းထားရသဖြင့် လုပ်အားခ ကုန်ကျစရိတ်ရှိခြင်း၊ ဆန်အဟောင်းများ မရောင်းရသဖြင့် ဆန်သစ်ဝယ်ရန် အခက်အခဲဖြစ်နေခြင်း၊ တရုတ်ဘက်တင်သွင်းပို့ချမှု ရပ်ဆိုင်းခဲ့ရသဖြင့် အရောင်းအဝယ်နည်းပါးခြင်းနှင့် ဆန်ဈေးကျခြင်းများစသည့် အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

တရုတ်နိုင်ငံဘက်မှ ဝယ်ယူသော ဆန်များသည် အသစ်ထွက်သော ဆန်များကိုသာဝယ်ယူသဖြင့် ဆန်အဟောင်းများ မရောင်းရတော့ဘဲ တက်ဈေးဖြင့် လက်ကျန်ခံနေသော ဆန်စက်လုပ်ငန်းရှင်များလည်းရှိပြီး လုပ်ငန်းအရှုံးပေါ်နေသော ဆန်စက်လုပ်ငန်းရှင်များလည်းရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/184821

## တရုတ်နှင့်ဆက်ဆံရေး တင်းမာနေချိန် မြန်မာတွင်စီးပွားရေးတိုးချဲ့ရန် အမေရိကန်ကုမ္ပဏီများစိတ်ဝင်စားနေ

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဇူလိုင် ၂၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။ အမေရိကန်-အာဆီယံစီးပွားရေးကောင်စီကဦးဆောင်ပြီး စင်ကာပူ၊ထိုင်း၊ ဗီယက်နမ်နိုင်ငံမှ အမေရိကန်ကုမ္ပဏီ ၁၀ ခုပါဝင် ဆွေးနွေး ခဲ့ပြီး မြန်မာနိုင်ငံတွင် ရောက်ရှိနေသော Chubb အာမ ခံကုမ္ပဏီ၊ Coca-Cola ၊Visa စသော အမေရိကန်ကုမ္ပဏီများမှ ကိုယ်စားလှယ်များလည်းပါဝင်သည်။ “လုပ်ငန်းတိုးချဲ့ဖို့နဲ့ တွေ့ကြုံနေရတဲ့အခြေအနေတွေကို သူတို့ဘက်ကပြောတယ်။ ပြီးတော့ တရုတ်ဘက်မှာရှိနေတဲ့ ကုမ္ပဏီတွေကလည်း ဒီဘက်ကို ဝင်ချင်နေတဲ့သဘောတွေရှိနေတယ်”ဟု ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူ မြန်မာနိုင်ငံကုန်သည်၊ စက်မှုအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

အမေရိကန်ကုမ္ပဏီများ၏ ဆွေးနွေးမှုတွင် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍ လိုအပ်ချက်များအပါအဝင် အလုပ်သမားပြဿနာများ၊ အလုပ်ပိတ်ရက်များသည့် အခြေအနေများကိုလည်း ပြောင်းလဲပေးရန်များပါဝင်သည်။ အမေရိကန်ကုမ္ပဏီများ မြန်မာတွင်ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင်ရန် စိတ်ဝင်စားနေချိန်တွင် အခင်းအကျင်းကောင်းဖြင့်ဆွဲဆောင်ရန် လိုအပ်သည်ဟု ဒေါက်တာမောင်မောင်လေးက ဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အမေရိကန်မှတိုက်ရိုက်ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီ ၂၂ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု တန်ဖိုးဒေါ်လာသန်း ၅၃၀ ကျော်ရှိသည်။ လက်ရှိအစိုးရလက်ထက် အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၂၅၀ ကျော် ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင်နေသော နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် အမေရိကန်နိုင်ငံက အဆင့်(၁၃)၌ ရပ်တည်နေသည်။

**Source:** https://7day.news/detail?id=193756

## ဗီယက်နမ်ငါးရှဉ့် တရုတ်ဘက်သို့ဝင်နေသဖြင့် ပြည်တွင်း၌ငါးရှဉ့်ဈေးကျ



ဗီယက်နမ်ဘက်မှ တင်သွင်းသည့် ငါးရှဉ့်များ တရုတ်နိုင်ငံသို့ ပြန်လည်ဝင်ရောက်နေသည့်အတွက် ပြည်တွင်းငါးရှဉ့် ဈေးကွက်၌ အရောင်းအဝယ်အေးနေပြီး ငါးရှဉ့်တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ခန့်သာ ဈေးရှိတော့သည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ "ပြည်တွင်းမှာ အခုလို မိုးရာသီကာလဆိုရင် ကုန်အဝင်များတယ်။ ကုန်အဝင်များလို့ ဈေးကျသလို ဗီယက်နမ်ဘက်က ငါးရှဉ့်ကို တရုတ်ကအဆွဲများနေတာကြောင့်လည်း ဈေးပိုကျလာတယ်"ဟု ထိပ်တန်းငါးရှဉ့်ပွဲရုံပိုင်ရှင် ဒေါ်ဝင်းကြည်က ပြောကြားသည်။ ပြည်တွင်းငါးရှဉ့်ဈေးကွက်၌ နွေရာသီကာလတွင်သာ ဈေးကောင်းရလေ့ရှိပြီး ကိုဗစ်ကာလမတိုင်မီ မတ်လခန့်က ငါးရှဉ့်တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ကျော်ဖြင့် ဈေးကောင်းရခဲ့ကြောင်း ၊ မတ်လမှမေလခန့်အထိ တရုတ်ပြည်သို့ ငါးရှဉ့်တင်ပို့ခွင့်မရခဲ့သည့်အတွက်နစ်နာခဲ့သည်ဟု ပြည်တွင်းကုန်သည်များက ပြောဆိုသည်။ "ဈေးကောင်းရတဲ့အချိန် ပို့လို့မရဘူး။

အခုကျ ကုန်ကလည်း နေ့စဉ်ဒိုင်တစ်ခုကို ပိဿာချိန်တစ်ရာကနေ နှစ်ရာအထိဝင်တယ်။ ကနေ့(ဇူလိုင် ၂၇) ပေါက်ဈေးက ၆၀၀၀ ကျော်ရုံပဲရှိတယ်" ဟု ငါးရှဉ့်ကုန်သည်တစ်ဦးကပြောဆိုသည်။

မိုးရာသီကာလ ချောင်း၊ မြောင်း၊ အင်း ၊ အိုင်များမှ ထွက်ရှိသည့်ငါးရှဉ့်ကို တရုတ်နိုင်ငံကအဓိကဝယ်ယူပြီး ပြည်တွင်း မွေးမြူရေးငါးရှဉ့်ကို မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလေ့ရှိကြောင်း၊ မွေးမြူရေးငါးရှဉ့်မှာ လုံးပတ်သေးသည်ဟု ဒေသတွင်း ငါးရှဉ့်ကုန်သည်များ အဆိုအရသိရသည်။ အုတ်တွင်း၊ ရေတာရှည်နှင့် တောင်ငူမြို့နယ်တို့တွင် ငါးရှဉ့်ဒိုင် ၂၀ နီးပါး ရှိပြီး တရုတ်အဝယ်ရှိ၊ မရှိပေါ်မူတည်ကာ ဈေးအတက်အကျရှိနေကြောင်း၊ ပြည်တွင်းစားသောက်ဆိုင်လုပ်ငန်းများသည် ဈေးကွက်သို့ ဝင်ရောက်လာသည့် ကုန်စည်ပိဿာချိန်၏ ၁၀ ပုံတစ်ပုံပင် မရှိကြောင်း ငါးရှဉ့်အဝယ်ဒိုင်များထံမှသိရသည်။

ဒေသတွင်းထွက်ရှိသည့်ငါးရှဉ့်ကို ဒေသခံကုန်သည်များက မူဆယ်မြို့မှတစ်ဆင့် တရုတ်ပြည်မကြီးသို့ ခရီးသည်တင် ယာဉ်များ၊ ၁၀ ဘီး၊ ၁၂ ဘီး ကားများဖြင့် တစ်နှစ်ပတ်လုံး တင်ပို့နေရာ ယခုရက်ပိုင်းတစ်ရက်လျှင် ကုန်ပိဿာချိန် ၅၀၀ နီးပါး တင်ပို့နေရသည်ဟု ဒေသတွင်း ငါးရှဉ့်ပွဲရုံလုပ်ငန်းရှင်များ အဆိုအရသိရသည်။

**Source:** http://www.myawady.net.mm/news/localnews/item/62843-2020-07-29-09-30-17

## ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၉၉၅၀၀ ဝန်းကျင်ရှိနေ

ကမ္ဘာ့ရွှေဈေးသည် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၈ ရက်တွင် ၁၉၃၉ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၉၉၅၀၀ ဝန်းကျင်ရှိခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက် ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်တင်ခဲ့သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ ဖြစ်သည်။ ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/184739

## ကွမ်းဈေးတက်လာသော်လည်း ယခင်နှစ်များကလောက် ဈေးကွက်အားရမှုမရှိ

ကွမ်းဈေးတက်လာသော်လည်း ယခင်နှစ်များကလောက် ဈေးကွက်အားရမှုမရှိကြောင်း မြန်မာပြည်အောက်ပိုင်း ကွမ်းဈေးကွက်မှသိရသည်။ ကိုဗစ်နိုင်စက်တာ အောက်ခြေကလူတွေနဲ့ စိုက်ပျိုးရေးသမားတွေကို အဓိကထိနေတယ်။ ကွမ်းဈေး က မှန်းလို့ကိုမရတော့ဘူး။ သီရိမင်္ဂလာဈေးမှာ အရင်ကိုဗစ်မဖြစ်ခင်တုန်းက ဈေးကွက်က မနက်ဈေးနဲ့ညဈေးဆိုပြီး နှစ်ခုခွဲ ထားတာ။ အခုက ညဈေးမရှိတော့ဘူး။ မနက်ဈေးမှာပဲ နယ်စုံကကွမ်းတွေကို စုရောင်းနေရတယ်။ ဝယ်လက်ကပစ္စည်း များတော့ ကွမ်းကိုရွေးယူတာပေါ့ဟု ရေဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ်၊ မှော်သေးကျေးရွာမှ ကွမ်းစိုက်တောင်သူ ကိုထွန်းထွန်းက ပြောသည်။

ယခင်က သီရိမင်္ဂလာဈေးသို့ ဧရာဝတီတိုင်း ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်းဒေသများမှ ရောက်ရှိလာသည့်

ကွမ်းများကို ည(၈) နာရီဝန်းကျင်မှ မနက်(၄)နာရီခန့်အထိ ညဘက်ဈေး၌ ရောင်းချပြီး၊ ရန်ကုန်တိုင်း ကော့မှူး၊ ကွမ်းခြံကုန်း၊ မြစ်တန်းသဘော်ဖြင့် ရောက်ရှိလာသည့် ကွမ်းများကို မနက်ဈေး (၈)နာရီဝန်းကျင်မှစ၍ မွန်းတည့်ပြီးချိန်အထိ ရောင်းချခဲ့ခြင်း ဖြစ်သည်။ အရင်က ကွမ်းမျိုးချင်းအတူတူကို တစ်နေရာထဲ နှစ်ချိန်ခွဲရောင်းတော့ ဝယ်လက်က လုဝယ်ရတဲ့သဘောမို့ ဈေးခေါ်လို့ ကောင်းခဲ့တာပေါ့။ အခုကျတော့ ဒိုင်တွေကလည်းကျလာသမျှ ခြံသမားကွမ်းကို မြန်မြန်ကုန်ရေး ဦးစားပေးရောင်းနေရတော့ သိပ်အိုက်တင်မခံရဲကြဖူးလေ။ အိုက်တင်ခံလိုက်ရင်လည်း နောက်တစ်နေ့မှ ကွမ်းကပြန်ရောင်းရမှာနဲ့ အပင်က ခူးထားတာနဲ့ဆို သုံးရက်ဖြစ်သွားမှာနဲ့ဆိုတော့လည်း အတင်းထိုးရောင်းရတဲ့ အနေအထားတွေ ဖြစ်နေတယ်။ အဓိကကတော့ ကိုဗစ်နိုင်စက်ထား တာပဲဟု ကိုထွန်းထွန်းကဆက်လက်ပြောသည်။ လက်ရှိတွင် မိုးရာသီဖြစ်သဖြင့် ကွမ်းခြံတချို့ ရေနစ်မြုပ်မှုများ ကြုံတွေ့ရ ခြင်းကြောင့် ကွမ်းဈေးကွက်မှာ အတက်ဘက်သို့ဦးတည်နေသည်။

**Source:** https://greenwaymyanmar.com/posts/betel_leaf_market

## တောင်ငူခရိုင်တွင် မိုးရွာသွန်းမှုနည်းပါးနေခြင်းကြောင့် မိုးစပါးစိုက်ခင်း (ကြဲခင်း) များ ထိခိုက်ပျက်စီးမှုရှိပြီး မိုးစပါးအထွက်နှုန်း ထိခိုက်နိုင်ဟုဆို



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် ယခုနှစ်မိုးရာသီ၌ မိုးရေရရှိမှုနည်းပါး (မိုးခေါင်) နေခြင်းကြောင့် စိုက်ပျိုးပြီး မိုးစပါး (ကြဲခင်း) များမှာ ထိခိုက်ပျက်စီးမှုများရှိနေသဖြင့် လာမည့် မိုးစပါး ရိတ်သိမ်းချိန်၌ စပါးအထွက်နှုန်းကျဆင်းနိုင်ကြောင်း မိုးစပါးစိုက် တောင်သူများထံမှသိရသည်။

တောင်ငူခရိုင်တွင် မိုးစပါးများကို ကြဲပက်စိုက်ပျိုးခြင်း (ကြဲခင်း) နှင့် ပျိုးထောင်စိုက်ပျိုးသော (စိုက်ခင်း) နှစ်မျိုးရှိပြီး ကြဲခင်းမှာ ခရိုင် တစ်ခုလုံး စိုက်ဧကအားလုံး၏ ရာခိုင်နှုန်း ၈၀ ခန့်ရှိကြောင်းသိရသည်။ လက်ရှိတွင် တောင်ငူခရိုင်၌ မိုးရေရရှိမှုနည်းပါး၍ မိုးခေါင်နေခြင်း ကြောင့် မိုးစပါးများကို ကြဲပက်စိုက်ပျိုးထားသော (ကြဲခင်း) များမှာ စပါးပင်များ ရေငတ်၍အပင်များဝါနေခြင်း၊ ပေါင်းမြက်များ ထူထပ်နေခြင်းစသော ထိခိုက်ပျက်စီးမှုများ ကြုံတွေ့နေရခြင်း ဖြစ်ကြောင်းသိရသည်။

တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအုပ်စုမှ တောင်သူကိုစိုးနိုင်က “ရာသီဥတုကမကောင်းတဲ့အခါကျတော့ လယ်သမား တွေ အကုန်လုံးဒုက္ခရောက်တယ်။ အခုဘာတွေနဲ့ တိုးနေတုန်းဆိုတော့ ဝမ်းဘဲစာမြက်တွေ၊ စပါးမပေါ်တော့ဘူး။ ဝမ်းဘဲစာ မြက်တွေချည်းပဲ လယ်ထဲမှာက အဲဒီလိုတွေဖြစ်နေတယ်။ ဒီနှစ် စပါး သမားတွေ အတော်ဒုက္ခရောက်တယ်။ ဒီအတိုင်းပဲ သွားမယ်ဆိုလို့ရှိရင် လယ်သမားတွေ မစားရတော့ဘူး။ ဒီနှစ်တော့ အခုကျတော့ အဲဒီလိုတွေဖြစ်နေတော့ ဘာဖြစ်လာလဲဆိုတော့ ကိုယ့်အတွက်ကို စဉ်းစားလို့မရသေးဘူး။ ဒါကိုကောင်းအောင်လို့ နောက်လိုက်က တအားလုပ်ရတော့မယ်။ အရင်တုန်းက ဓာတ်မြေသြဇာ တစ်အိတ်ကြဲရင် အခု နှစ်အိတ်ကြဲမှရတော့မယ် အရင်တုန်းက နှစ်အိတ်ကြဲရင် အခုလေးအိတ်ကြဲမှ ရတော့မယ်။ အဲဒီလိုတွေ အဆင့်ဆင့်ဖြစ်လာတော့ လယ်တွေက မကောင်းတော့ဘူး။ ကျွန်တော်တို့ အရင်တုန်းကဆိုရင် ဟိုဘက်ချိုင်းပိုင်းတွေ ဘာတွေဆိုရင် ဒီအချိန်ဆိုလို့ရှိရင် ရေတွေများ နေလို့ ပေါင်းနုတ်လို့ကိုမရဘူး။ အခုအဲဒီနေရာတွေက အတော်လေးခက်ပဲ ဖြစ်နေတယ်။ ချိုင်းတွေ အင်းရေတွေ ခန်းခြောက် ပြီးတော့ အခုရေတွေ မရှိဘူးလေ”ဟုပြောကြားသည်။

တောင်ငူမြို့နယ် မလွှပင်ကျေးရွာမှ တောင်သူ မခင်စန်းကြည်က “ရာသီဥတု အခြေအနေကတော့ သိတဲ့အတိုင်းပဲလေ မိုးခေါင်တာပေါ့။ မိုးခေါင်ဆိုလို့ရှိရင် တော်တော်တောင်ကြာနေပြီ။ မိုးမရွာတာ၊ မနေ့တစ်နေ့ကလောက်ကမှပဲ တစ်ခါ ရွာတယ်လေ။ ခါတိုင်းနှစ်တွေကဆိုရင် ဒီအချိန် မိုးတအားကောင်းတယ်။ အရင်နှစ်တွေကဆို လယ်တွေက အစိုကြဲကြဲရတယ်။ ဒီနှစ်ဆိုရင်တော့ အခြောက်ခင်းတွေပဲ ကြဲရတာ မိုးကမရွာတော့ဘူးလေ” ဟု ပြောကြားသည်။ ယခုနှစ် ရာသီဥတုဖြစ်စဉ်မျိုးမှာ အယ်နီညို၊ လာနီညာကဲ့သို့သော ထူးကဲသော ရာသီဥတုဖြစ်စဉ်မျိုးမဟုတ်ဘဲ ကြားနေရာသီဥတုသာဖြစ်ပြီး ယခုကဲ့သို့ မိုးခေါင်ပြီး

ထူးကဲသည့် ဖြစ်စဉ်မျိုးဖြစ်လေ့မရှိကြောင်း၊ နောင်လာမည့် နှစ်များတွင်လည်း ပုံမှန်ဖြစ်မြဲ ရာသီဥတုမျိုးမှ သွေဖယ်ကာ လက်ရှိကဲ့သို့ အပူလွန်ကဲပြီး မိုးနည်းပါးသော ရာသီဥတုဖြစ်စဉ်မျိုးများမှာ မကြာခဏဖြစ်လာဖွယ် အကြောင်းရှိသဖြင့် ပြောင်းလဲလာနိုင်သော ရာသီဥတုဖြစ်စဉ်များနှင့်ကိုက်ညီစေရန် စိုက်ရေးပျိုးရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နည်းပုံစံ အသစ်များဖြင့် ကြိုတင်ပြင်ဆင်လုပ်ကိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း တောင်ငူခရိုင် မိုးဇလဦးစီးဌာနတာဝန်ရှိသူက သုံးသပ်ပြောကြားသည်။

တောင်ငူခရိုင် မိုးဇလဦးစီးဌာနဦးစီးမှူး ဦးမျိုးမြင့်အောင်က "ဒီနှစ်က နည်းနည်း ထူးခြားတယ်။ တောင်သူတွေကလည်း ဂရုစိုက်သင့်တယ်။ ဘာကြောင့်မို့လို့ ဒီလိုပြောလဲဆိုရင် များသောအားဖြင့် ဒီလိုဖြစ်စဉ်မျိုးဟာ အယ်နီညိုလို့ခေါ်တဲ့ အပူဘက်ကို လွန်ကဲ့တဲ့ဖြစ်စဉ် လွန်ကဲတဲ့နှစ်တွေမှာတွေ့ရတဲ့ လက္ခဏာမျိုး၊ ဒီလိုကြားနေနှစ်ပေါ့။ အခု ဒီနှစ်ဆိုလို့ရှိရင် အယ်နီညိုလည်း မရှိဘူး။ လာနီညာလည်းမရှိဘူး။ ပျမ်းမျှကြားနေနှစ်ပေါ့။ အဲဒီလိုကြားနေနှစ်မျိုးမှာ ဒီလိုမျိုး မိုးခေါင်တယ်ဆိုတဲ့ အနေအထားဖြစ်စဉ်မျိုးကရှားပါးတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းတော့ တွေ့လာရတယ်။ ဒါတွေကလည်း တောင်သူတွေအနေနဲ့ ဂရုစိုက်ရမယ်။ တောင်သူတွေရဲ့ စိုက်ရေးပျိုးရေးအတွက် ဂရုစိုက်ရမယ့် နှစ်တစ်နှစ်လို့ပဲ ပြောရမယ်"ဟု ပြောကြားသည်။

ယခု ၂၀၂၀-၂၀၂၁ ခုနှစ် မိုးစပါးစိုက်ရာသီတွင် တောင်ငူခရိုင် ခြောက်မြို့နယ်မှ မိုးစပါးစိုက်ဧက ငါးသိန်းကျော် စိုက်ပျိုးထားခဲ့ရာ စိုက်ဧကများ၏ ရာခိုင်နှုန်း ၈၀ မှာ မျိုးစပါးများကို တိုက်ရိုက်ကြဲပက် စိုက်ပျိုးသော (ကြဲခင်း) များသာဖြစ်ပြီး အဆိုပါ ကြဲခင်းစိုက်ခင်းများမှာ မိုးများလွန်း၊ နည်းလွန်းပါက ထိခိုက်ပျက်စီး ဆုံးရှုံးနိုင်သည့်အပြင် ပိုးသတ်ဆေးနှင့်ပေါင်းသတ်ဆေး များကို ပိုမိုအသုံးပြုရသဖြင့် ဘေးထွက်ဆိုးကျိုးများလည်းရှိတတ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/184793

## ချောကလက်ကိုယ်တိုင်လုပ်စားချင်သူများအတွက် ကိုကိုးသီးရောင်းချမည်



အိမ်တွင် ချောကလက်ကို ကိုယ်တိုင်လုပ်စားကြည့်ချင်သူများအတွက် ကိုကိုးသီးရောင်းချပေးမည်ဖြစ်ကြောင်း အောင်ဇမ္ဗူ - ကိုကိုး ထုတ်လုပ်ရေးမှသိရသည်။ ချောကလက်လုပ်ရတာက မခက်ဘူး။ အဓိကက ကုန်ကြမ်းရှိရင် ထုတ်ဖို့ကမခက်ဘူး။ အစေ့ခြောက်ကို ရောင်းချပေးနိုင်ဖို့အတွက် ကျွန်တော်တို့လည်း စီစဉ်နေပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ချောကလက်လုပ်ကြည့်ချင်တဲ့သူတွေ အိမ်မှာကိုယ်တိုင်လုပ်စားလို့ရအောင်ပါဟု တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့နယ်ရှိ အောင်ဇမ္ဗူ - ကိုကိုး ထုတ်လုပ်ရေးမှ စီမံအုပ်ချုပ်သူ ဦးနေလင်းအောင်က ပြောသည်။

ချောကလက်ပြုလုပ်နိုင်ရန်အတွက် အဓိကကုန်ကြမ်းဖြစ်သည့် ကိုကိုးသီးအစေ့ခြောက်ကိုလှော်၍ အခွံချွတ်ပြီး အမှုန့်ကြိတ်ကာ အရသာအချိုးအဆ လိုအပ်သည့်ပမာဏရောစပ်၍ ချောကလက်ထုတ်လုပ်ရခြင်းဖြစ်သည်။ ကိုကိုးသီးအစေ့ခြောက်ကို လှော်၊ အမှုန့်ကြိတ်ပြီးတော့ သကြား၊ နို့မှုန့် စတာတွေကို ကိုယ်လိုတဲ့အချိုးအဆထည့်ရတယ်။ အရည်ပြစ်ပြစ်ဖြစ်လာရင် ချောကလက်မိုလ် (ပုံစံခွက်) ထဲထည့်၊ ရေခဲသေတ္တာထဲမှာ ထည့်ထားရင်ရပါပြီ။ လုပ်ကိုင်ရတဲ့ အဆင့်တွေကလည်း သိပ်မများပါဘူးဟု ဦးနေလင်းအောင်က ဆက်လက်ပြောသည်။ လက်ရှိကိုကိုးဈေးကွက်အတွင်း၌ ကိုကိုးသီးအစေ့ခြောက် တစ်ကီလိုလျှင် (၁၀,၀၀၀) ကျပ် ပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/sell_cocoa_fruit

## ဒုတိယအကြိမ် ကိုဗစ်ချေးငွေလျှောက်ထားနိုင်

ကိုဗစ်-၁၉ ကြောင့် စီးပွားရေး ထိခိုက်ခဲ့တဲ့လုပ်ငန်းတွေအတွက် နိုင်ငံတော်အစိုးရရဲ့ ဒုတိယအကြိမ် ကိုဗစ်ချေးငွေကို အခုလ ၂၉ ရက်နေ့မှာ စတင်လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရန်ပုံငွေကနေ ဒုတိယအကြိမ် ထုတ်ချေးမဲ့

ချေးငွေကို ဇူလိုင်လ ၂၉ ရက်ကနေ ဩဂုတ်လ ၁၀ ရက်အတွင်း လျှောက်ထားရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကနေ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ခဲ့တဲ့လုပ်ငန်းတွေကို ဘဏ္ဍာရေးဆိုင်ရာအကူအညီ ဆက်လက်ပေးအပ်ဖို့အတွက် COVID-19 Fund ကိုကျပ် ၁၀၀ ဘီလီယံ ထပ်မံဖြည့်တင်းပေးထားတာဖြစ်ပါတယ်။

ဒီရန်ပုံငွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ပြည်ပပို့ကုန်ထုတ်လုပ်တဲ့ ကုန်ထုတ်လုပ်ငန်းတွေ၊ သွင်းကုန်အစား ထိုးပစ္စည်းထုတ်လုပ်တဲ့ ကုန်ထုတ်လုပ်ငန်းတွေ၊ ပြည်တွင်းထုတ်လုပ်မှုကနေ ပြည်ပတင်ပို့တဲ့အထိ ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်ပါဝင် ဆောင်ရွက်တဲ့လုပ်ငန်းတွေကို ချေးငွေ ထုတ်ချေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင်စားသောက်ကုန်ထုတ်လုပ်တဲ့ ကုန်ထုတ်လုပ်ငန်းတွေ၊ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းတွေကိုလည်း ထုတ်ချေးပေးသွားမှာပါ။ ချေးငွေထုတ်ပေးရာမှာ မြန်ဆန်မှု ရှိစေဖို့အတွက် မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်တွေကပါတဆင့် ထုတ်ချေးပေးသွားမှာဖြစ်ပြီး အတိုးနှုန်းကိုတော့ ၁ ရာခိုင်နှုန်းနဲ့ချေးငွေကာလကို တစ်နှစ်သတ်မှတ်ထားပါတယ်။

ချေးငွေလျှောက်ထားမှုနဲ့ ပတ်သက်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းတွေထုတ်ပြန်ထားပြီး သတ်မှတ်ချက်နဲ့ ကိုက်ညီမှသာ ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ ချေးငွေ ပြန်ပေးဆပ်ဖို့ပျက်ကွက်ရင် တည်ဆဲဥပဒေနဲ့အညီ အရေးယူဆောင်ရွက်မှာဖြစ်ပြီး Credit Bureau မှာလည်း Negative List အဖြစ် ထည့်သွင်းခံရမှာဖြစ်တဲ့အပြင် ဘဏ်နဲ့ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေထံကလည်း ချေးငွေရယူနိုင်ခြင်းမရှိအောင် လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source : DVB**

https://news.ydnp.net/358155/

## အရန်ဆန် ဝယ်ယူသည့်အစီအစဉ် ယာယီရပ်ဆိုင်း

နိုင်ငံတော်အရန်ဆန် ဝယ်ယူသည့်အစီအစဉ်ကို လာမည့် ဩဂုတ်လ ၁ ရက်မှ စတင်၍ ယာယီရပ်ဆိုင်းလိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ရေဝတီသို့ပြောသည်။ “လောလောဆယ် အရန်ဆန်ဝယ်ယူထားတဲ့ တန်ချိန် ၅ သောင်းက ပြည့်သွားတဲ့အတွက် ယာယီရပ်ဆိုင်းလိုက်တာဖြစ်တယ်။ လိုအပ်ရင်တော့ ထပ်ဝယ်မယ်။ အခုကတော့ ဝယ်ယူထားတဲ့ အရန်ဆန် တန်ချိန် ၅ သောင်း (ဆန်အိတ်ရေ ၅ သိန်း ကျော်) ကို ပြည်နယ်နဲ့တိုင်းတွေမှာ ရောင်းချဖို့စီစဉ်နေတယ်” ဟု ၎င်းကရှင်းပြသည်။

နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ယခင်ဝယ်ယူထားသည့် အရန်ဆန်များရောင်းချပြီးပါက ထပ်မံဝယ်ယူမည့် အရန်ဆန် တန်ချိန်၊ ဈေးနှုန်း၊ ပမာဏအစရှိသည့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးခင်မောင်လွင်ကပြောသည်။ လောလောဆယ်တွင် နိုင်ငံတော်အရန်ဆန်ဝယ်ယူခြင်းကို ကာလတခုအထိ ယာယီရပ်ဆိုင်းထားမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရသည်။ ပြည်ပသို့ ဆန်၊ ဆန်ကွဲတင်ပို့သည့်ကုမ္ပဏီများထံမှ နိုင်ငံတော်အရန်ရိက္ခာဆန်အဖြစ် ဝယ်ယူသိုလှောင်ထားသည့် ဧည့် မထ ဆန်အိတ်ရေ ၅ သိန်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တိုင်းနှင့်ပြည်နယ်များရှိ လက်လီအရောင်းဆိုင် ၅၀ ကျော် မှတဆင့် အိတ်ရေ ၁ ထောင်ကျော် ရောင်းချထားကြောင်းသိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ရုံးအဖွဲ့မှူး ဦးမြင့်လွင်က “အရန်ဆန်ကို ပေးသွင်းတဲ့ရည်ရွယ်ချက်က စားသုံးသူပြည်သူတွေအတွက် အကုန်ပါတာပေ့ါ။ လုပ်ငန်းရှင်တွေက မသွင်းရဘူးဆိုတော့ အဆင်ပြေတာပေ့ါ။ လုပ်ငန်းရှုပ်ထွေးတာမရှိဘူး” ဟု ရေဝတီသို့ပြောသည်။ ဆက်လက်၍ ၎င်းက “ဘာလို့လဲဆိုတော့ အရန်ဆန်သွင်းရမယ်၊ စာရင်းတွေမှတ်ရမယ်၊ ပိုက်ဆံက ပြန်ထုတ်ရတယ်၊ သတ်မှတ်တဲ့ဈေးနဲ့ဝယ်တာဖြစ်တဲ့အတွက် အဲဒီကာလတုန်းက သွင်းရတာငွေကြေးအရတွက်ရင် ပြန်ရဖို့ နည်းနည်း နည်းတာပေ့ါ။ ဒီလိုမျိုးဖြစ်တော့ မသွင်းရဘူးဆိုရင်တော့ လုပ်ငန်းရှင်အတွက် အကောင်းဘက်ပေ့ါ။ ဒီလိုပဲ ပြောရမှာပါ”ဟု အရန်ဆန်ပေးသွင်းခြင်းနှင့်ပတ်သက်၍ လုပ်ငန်းရှင်အပိုင်းကိုပြောပြသည်။ နိုင်ငံတော်အရေးပေါ်ရိက္ခာအရန်ဆန်ဆိုသည်မှာ လက်ရှိကိုဗစ်ကာလဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်၍သော်လည်းကောင်း၊ အချိန်မရွေးလိုလာနိုင်

သောကြောင့် ယခုရှိနေသည့် အရန်ဆန်များ ဖြန့်ဖြူးရာတွင်ကုန်သွားခြင်း၊ လိုအပ်လာခြင်းစသည့် အခြေအနေတခု ဖြစ်ပေါ်လာပါကလည်း ပို့ကုန်လုပ်ငန်းရှင်များအနေနှင့် နိုင်ငံတော်အစိုးရညှိနှိုင်းပြီး ပြန်လည်ကူညီသွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ပြည်ပဆန်တင်ပို့မှုအနေနှင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ဆန်အိတ်ရေ ၂၂ သိန်းကျော်တင်ပို့ထားသောကြောင့် အိတ်ရေ ၄ သိန်းနီးပါးခန့် ပို၍တင်ပို့ထားနိုင်ပြီး ဝင်ငွေအားဖြင့်လည်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ခန့် ပို၍ ရရှိထားသည့်အနေအထားရှိကြောင်းသိရသည်။ ဈေးကွက်အနေနှင့်လည်း ကိုဗစ်ကာလအစတွင် ဈေးနှုန်းမြောက်ခြင်းများ ရှိသော်လည်း လက်ရှိအချိန်တွင် ဈေးနှုန်းများတည်ငြိမ်၍ ပုံမှန်ဈေးကွက်ဖြစ်နေကြောင်း၊ ပြည်တွင်းဆန်ဈေးကွက်တွင်လည်း တည်ငြိမ်သည်ဆိုတာထက် ဈေးအကျဘက်သို့သွားနေသည့်သဘောရှိကြောင်း ဆန်ကုန်သည်လုပ်ငန်းရှင်ဖြစ်သူ ဦးမြင့်လွင်က သုံးသပ်ပြောဆိုသည်။ ယခုလို ကိုဗစ်ကပ်ရောဂါ ဖြစ်ပေါ်နေသောကာလတွင် ကုန်ဈေးနှုန်းများ ထိခိုက်မသွားစေရန်အတွက် အစိုးရအနေနှင့် နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅ သောင်းနှင့် စားအုန်းဆီ တန်ချိန် ၁ သောင်း ၂ထောင်ကို ဝယ်ယူရန် ပြည်ထောင်စုအစိုးရက ကျပ် ၃၈ ဘီလီယံ သုံးစွဲရန် စီးပွား/ ကူးသန်း ဝန်ကြီးဌာနသို့ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ငံတော်အရန်ဆန်အနေ ထုတ်ရောင်းခြင်းများရှိသော်လည်း အရန်ဆီအနေဖြင့် တိုင်းနှင့်ပြည်နယ်များသို့ Jerry Can (လက်ဆွဲပုံး) များနှင့် ဖြန့်ဝေပေးခြင်းသာရှိပြီး ထပ်မံဝယ်ယူ/ မဝယ်ယူဆိုသည့်အခြေအနေကို အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ပြောဆိုဆွေးနွေးထားခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြူကပြောသည်။

**Source:** https://burma.irrawaddy.com/business/2020/07/28/227069.html

## လွန်ခဲ့သော နှစ်ပတ်အတွင်း ကမ္ဘာလုံးဆိုင်ရာရှယ်ယာများ ပြန်မြင့်တက်လာခြင်း၊ Ant Group မှ ရင်းနှီးမြှုပ်နှံလာခြင်းနှင့် အမေရိကန် S&P 500 Index ကောင်းမွန်မှုကြောင့် ဟောင်ကောင်စတော့ရှယ်ယာများ အကျိုးအမြတ်မြင့်မားလာခြင်း

ဥရောပမှဗိုင်းရပ်စ်ရောဂါ သက်သာခွင့်ပံ့ပိုးမှုနှင့် ကမ္ဘာလုံးဆိုင်ရာအစုရှယ်ယာများ ပြန်တက် လာခြင်း၊ COVID-19 ကာကွယ်ဆေးစမ်းသပ်မှုတိုးတက်လာမှုနှင့် Ant Group မှ ဟောင်ကောင်နှင့် ရှန်းကျန့်တို့၌ ရင်းနှီးမြှုပ်နှံရန် စီစဉ်လာမှုကြောင့် ဟောင်ကောင်ဒေသ၏ စတော့ရှယ်ယာမှာ လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်အတွင်း မြင့်တက်လာကြောင်း၊ Hang Seng Index ၌ (၁.၅) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ၆-၇-၂၀၂၀ ရက်နေ့မှစတင်၍ အကြီးမားဆုံးမြင့်တက်ခဲ့ကြောင်း၊ အမေရိကန်၏ အကြီးဆုံးကုမ္ပဏီများဖြစ်သည့် S&P 500 Index ၏ အခြေအနေမှာ ကောင်းမွန်လာကြောင်း၊ Amazon.com နှင့် Zoom Technologies အသုံးပြုမှုအားကောင်းလာခြင်းကြောင့် Nasdaq market မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် စီးပွားရေးမတည်ငြိမ်မှုကို ရင်ဆိုင်နိုင်ရန် စီးပွားရေးကုစားရန် ထောက်ပံ့မှုအစီအစဉ်များပြုလုပ်ရန် ယူရို (၇၅၀) ဘီလီယံ ပံ့ပိုးမှုကြောင့် ဥရောပစတော့ဈေးကွက်မှာလည်း မြင့်တက်လာကြောင်း၊ Jack Ma ၏ Ant Group စတော့ရှယ်ယာမှာ ဟောင်ကောင်နှင့် ရှန်းကျန့်၌ အမေရိကန်ဒေါ်လာ (၂၀၀) ဘီလီယံရှိခဲ့ပြီး နယူးယောက်ကိုကျော်လွန်သွားကြောင်း၊ ဟောင်ကောင်၌ Ant Group ပြီးလျှင် ကမ္ဘာ့အကြီးဆုံး e-commerce ကုမ္ပဏီဖြစ်သည့် Alipay online နည်းပညာ စတော့ရှယ်ယာများမြင့်တက်ခဲ့ကြောင်း၊ ဗိုင်းရပ်စ်ကာကွယ်ဆေးစမ်းသပ်နေသည့် University of Oxford AstraZeneca တို့မှလည်း လူနှင့်စမ်းသပ်နိုင်တော့မည်ဟု ပြောကြားခဲ့ခြင်းကြောင့် နည်းပညာကုမ္ပဏီများ၏ စတော့ရှယ်ယာများမြင့်တက်ခဲ့ကြောင်း၊ China's CanSion Biologics Inc. ၊ ဖက်စပ်လုပ်ကိုင်နေသော Pfizer Inc နှင့် BioNTech တို့၏ အခြေအနေများမှာလည်း ကောင်းမွန်သည့်အနေအထားရှိကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Zhang Shidong က "Hong Kong stocks head for biggest gain in two weeks on global rally and Ant Group's listing In US, S&P 500 turns positive, boosting sentiment here" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## တန်းတူညီမျှမှု စည်းကြပ်အခွန် ကောက်ခံခြင်းအပေါ် အိန္ဒိယကုမ္ပဏီများက စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာရေး အက်ဥပဒေတွင် ၂၀၁၆ ခုနှစ်၌ စတင် ပြဋ္ဌာန်းခဲ့သော Equalisation Levy ခေါ် တန်းတူညီမျှမှု စည်းကြပ်အခွန်အား ပိုမိုကျယ်ပြန့်စွာဖြင့် ပြည်ပအခြေစိုက် E-commerce လုပ်ငန်းများ၏ အိန္ဒိယ နိုင်ငံအတွင်း စီးပွားရေးလုပ်ဆောင်မှုများ အပေါ် တိုးချဲ့ကောက်ခံမည်ဖြစ်ကြောင်း ပြင်ဆင်ချက်ထည့်သွင်း ပြဋ္ဌာန်းခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဘဏ္ဍာရေး အက်ဥပဒေအရ ဘဏ္ဍာရေးနှစ် ၁ ခုအတွင်း ပြည်ပရှိ Online စနစ်ဖြင့် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီထံသို့ ပြည်တွင်းရှိ ကုမ္ပဏီ၊ လုပ်ငန်းရှင်တစ်ဦးချင်းမှ စီးပွားရေးဆိုင်ရာ ကြော်ငြာများထည့်သွင်းမှုနှင့် အခြားဝန်ဆောင်မှုများ အတွက် အခကြေးငွေ ရူပီး ၁ သိန်းနှင့်အထက် ပေးချေပါက အစိုးရသည် ၎င်းငွေ၏ ၆% ကို တန်းတူညီမျှမှု စည်းကြပ်အခွန်အဖြစ် ကောက်ခံခြင်းဖြစ်ပါသည်။ Google Tax ဟု စီးပွားရေး လုပ်ငန်းအသိုင်းအဝိုင်းမှ ခေါ်ဆိုကြသည့် ၎င်းစည်းကြပ်အခွန်အား ကောက်ခံခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ပြည်တွင်း၌ အမှန်တကယ်အခြေစိုက်၍ လုပ်ငန်းဆောင်ရွက်ခြင်းမရှိပဲ ဒေသခံ ပြိုင်ဖက်များအပေါ် Internet Online မှ အသာစီးရယူ လုပ်ကိုင်လျက်ရှိသည့် ပြည်ပအခြေစိုက် ကုမ္ပဏီများ၏ အခွင့်အရေးရရှိမှုကို ချေဖျက်ရန်ဖြစ်ပါသည်။ ၎င်းစည်းကြပ်အခွန်သည် စီးပွားရေး လုပ်ငန်းအချင်းချင်းအကြား ငွေပေးချေမှုများအပေါ်တွင် ကောက်ခံခြင်းဖြစ်ပြီး ပြည်ပအခြေစိုက် ကုမ္ပဏီများထံသို့ ကြော်ငြာခ ကျသင့်ငွေများ ပေးချေရာ၌ ကျသင့်အခွန်တန်ဖိုးအားထုတ်နုတ်၍ ပြည်တွင်းလုပ်ငန်းရှင်များက အစိုးရသို့ ပေးသွင်းရခြင်းဖြစ်ပါသည်။

၂၇.၃.၂၀၂၀ နေ့တွင် ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့် ဘဏ္ဍာရေးအက်ဥပဒေ ၂၀၂၀ ၌ အဆိုပါ စည်းကြပ်အခွန်ကောက်ခံမှု စနစ်အားတိုးချဲ့လျက် ပြည်ပအခြေစိုက် E-commerce operator ကုမ္ပဏီများထံသို့ ပြည်တွင်း၌ အခြေချနေထိုင်သည့် လူပုဂ္ဂိုလ် တစ်ဦးချင်း သို့မဟုတ် အိန္ဒိယနိုင်ငံ၏ အင်တာနက်လိပ်စာ (Internet Protocol Address) တစ်ခုကို အသုံးပြုလျက် ၎င်းကုမ္ပဏီများ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများအား ရယူသုံးစွဲသူမှ ပေးချေရသည့်တန်ဖိုးငွေအပေါ် အခွန် ၂% ကောက်ခံမည်ဖြစ်ကြောင်း၊ ဤစနစ်သည် ၁.၄.၂၀၂၀ နေ့မှ စတင်သက်ရောက်မှုရှိမည်ဖြစ်ပြီး E-commerce လုပ်ငန်းများ အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သုံးလပတ်အလိုက် ၄ ကြိမ်ခွဲ ၍ ကြိုတင်ပေးဆောင်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံအတွင်း အမြဲတမ်းအခြေစိုက်လျက် လုပ်ငန်းဆောင်ရွက်သည့် E-commerce operator များ၊ ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးအက်ဥပဒေ၊ ပုဒ်မ(၁၆၅) အရ Equalisation Levy ပေးဆောင်ရန် အကျုံးဝင်ပြီးဖြစ်သည့် လုပ်ငန်းများနှင့် အခွန် စည်းကြပ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ရောင်းချရသည့်ငွေ စုစုပေါင်း ရူပီးသန်း ၂၀ (အမေရိကန်ဒေါ်လာ ၂၆၇၀၀၀ ခန့်) အောက်သာရရှိသည့် E-commerce operator များသည် ထိုသို့စည်းကြပ်အခွန် ၂% ကောက်ခံခြင်းမှ ကင်းလွတ်မှုရှိကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရက ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဒီဂျစ်တယ်အခွန်ကောက်ခံမှုဆိုင်ရာ ကျွမ်းကျင်သူများ ကော်မတီမှ ၂၀၁၆ ခုနှစ် မတ်လ၌ တင်သွင်းခဲ့သော အစီရင်ခံစာတွင် အခြားသော E-commerce လုပ်ငန်းများနှင့် လုပ်ငန်းရှင်နှင့် စားသုံးသူတို့အကြား ငွေပေးချေမှုများအပေါ် စံနှုန်းတစ်ခုအထက်ကျော်လွန်ပါက တန်းတူညီမျှမှုစည်းကြပ်အခွန်အား ကောက်ခံရန်အကြံပြုဖော်ပြခဲ့ပါသည်။ ယခုနှစ် ဘဏ္ဍာရေးအက်ဥပဒေအရ ပြည်ပအခြေစိုက် E-commerce စီးပွားရေး လုပ်ငန်းရှင်နှင့် အိန္ဒိယပြည်တွင်းရှိ စားသုံးသူတို့အကြား ငွေပေးချေမှုများအပေါ် စည်းကြပ်အခွန် ၂% ကောက်ခံခြင်းမှာ အဆိုပါအကြံပြုချက်နှင့် ကိုက်ညီလျက်ရှိသည်။ ၇.၇.၂၀၂၀ နေ့ ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွက် အဆိုပါ စည်းကြပ်အခွန် ပထမအကြိမ် ပေးဆောင်ရန် စေ့ရောက်သည့်နေ့အဖြစ် သတ်မှတ်ထားရာ E-commerce လုပ်ငန်းရှင်များ အနေဖြင့် အိန္ဒိယ ဝင်ငွေခွန်ဦးစီးဌာနသို့ အခွန်ငွေ ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

ထိုသို့ တန်းတူညီမျှမှု စည်းကြပ်အခွန်အား ကြိုတင်ပေးဆောင်ရန် နေ့ရက်သတ်မှတ် ပြဋ္ဌာန်းထားရှိခြင်းအပေါ် E-commerce ကုမ္ပဏီများက ရွှေ့ဆိုင်းပေးရန် တောင်းဆိုလျက်ရှိကြသော်လည်း ဌာနဆိုင်ရာအသိုင်းအဝိုင်းမှ ပြောဆိုမှုများအရ အခွန်ကြိုတင်ပေးဆောင်ရာတွင် လိုအပ်သော PAN Card ခေါ် အခွန်ပေးဆောင်မှုဆိုင်ရာ ပုံသေစာရင်းအမှတ် (Permanent Account Number) အား လျှောက်ထားရန် စီးပွားရေး လုပ်ငန်းရှင်များသို့ ကြိုတင်ပြင်ဆင်ချိန် လုံလောက်စွာပေးထားပြီးဖြစ်၍ အစိုးရအနေဖြင့် လိုက်လျောဖွယ်ရာမရှိကြောင်း Economic Times သတင်းဌာနက ဖော်ပြပါသည်။ အိန္ဒိယဝင်ငွေခွန်

ဦးစီးဌာနသည် မကြာသေးမီကာလများအတွင်း နိုင်ငံပြင်ပရှိ PAN Card ကိုင်ဆောင်သည့် လုပ်ငန်းရှင်ထံမှ အခွန်ပေးဆောင်မှုကို လက်ခံ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်ငွေသွင်းချလန် ပုံစံအသစ်အား ပြောင်းလဲပြင်ဆင်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးအက်ဥပဒေ ၂၀၂၀ ၌ ပြဋ္ဌာန်းချက်များအရ တန်းတူညီမျှမှု စည်းကြပ်အခွန်အား သတ်မှတ်ကာလအတွင်း ပေးဆောင်နိုင်မှုမရှိပဲနောက်ကျခဲ့ပါက ၎င်းအခွန်ငွေအပေါ် တစ်လလျှင် အတိုးနှုန်း ၁% ထပ်ဆောင်းပေးဆောင်ရမည်ဖြစ်သည်။ စည်းကြပ်အခွန်အား ပေးဆောင်မှုမရှိပါက ၎င်းအခွန်ငွေနှင့်ညီမျှသည့် ဒဏ်ကြေးချမှတ်ခြင်းကို ခံရနိုင်ပါသည်။

အိန္ဒိယနိုင်ငံရှိ အခွန်ဆိုင်ရာကျွမ်းကျင်သူများက တန်းတူညီမျှမှု စည်းကြပ်အခွန်နှင့်စပ် လျဉ်း၍ ဘဏ္ဍာရေးအက်ဥပဒေ၌ ဖော်ပြပါရှိသည့် စကားရပ်များမှာ ရှင်းလင်းတိကျမှုမရှိပဲ ဝိဝါဒကွဲပြားမှုဖြစ်ပေါ်လျက်ရှိသဖြင့် E-commerce ကုမ္ပဏီများ အနေဖြင့် လတ်တလောကာလ၌ အခွန်ပေးဆောင်မှုမရှိပဲ အခြေအနေကို စောင့်ကြည့်မည့် အနေအထားရှိကြောင်း၊ PAN Card လျှောက်ထားရန်ကိစ္စမှာလည်း ပြည်ပနိုင်ငံများရှိ အိန္ဒိယသံရုံးများ၌ လိုအပ်သော သက်သေခံ လက်မှတ်များ ထုတ်ပေးနိုင်ရန် ကန့်သတ်ချက်များရှိခြင်း၊ PAN စနစ် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အိန္ဒိယစီးပွားရေးဘဏ်များမှာ နိုင်ငံတကာ၌ ဘဏ်ခွဲဖွင့်လှစ်ထားရှိမှုနည်းပါးခြင်းစသည်တို့ကြောင့် လက်တွေ့မကျသည့် အခြေအနေပင်ဖြစ်ကြောင်း သုံးသပ်ပြောဆိုလျက် ရှိကြသည်။

အိန္ဒိယနိုင်ငံအတွင်းရှိ ကုမ္ပဏီလုပ်ငန်းများသည် ပြည်ပ၌အခြေစိုက်သည့် Ecommerce Platform ကုမ္ပဏီများထံမှ ဝန်ဆောင်မှုများအား ရယူအသုံးပြုရာတွင် လက်ရှိကာလ၌ မူပိုင်ခဆိုင်ရာ ပင်ရင်းမှဖြတ်တောက်အခွန် ၁၀% ကို ပေးဆောင်ရလျက်ရှိရာ အသစ်ပြဋ္ဌာန်းသည့် ဘဏ္ဍာရေးအက်ဥပဒေအရ တန်းတူညီမျှမှုစည်းကြပ်အခွန် ၂% ကောက်ခံခြင်းသည် တူညီသောလုပ်ငန်းရပ်တစ်ခုအပေါ် ငွေပေးချေဆောင်ရွက်ခြင်းအတွက် အခွန်နှစ်ကြိမ်ထပ်ပေးဆောင်ရမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိသည်။ အက်ဥပဒေအသစ်ပါ ဖော်ပြချက်များအရ ထိုသို့စည်းကြပ်အခွန်ကောက်ခံမှုသည် ပြည်ပရှိပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းများထံမှ Online စနစ်ဖြင့် သင်တန်းများ၊ ဟိုတယ်အခန်းကြိုတင်မှာယူမှု၊ Software များဝယ်ယူမှု စသည်တို့အပါအဝင် အင်တာနက်ကွန်ယက်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းအားလုံး၏ ငွေပေးချေမှုများအပေါ် အကျုံးဝင်မှုရှိမည်ကို ကုမ္ပဏီလုပ်ငန်းရှင်များ အသိုင်းအဝိုင်း၌ စိုးရိမ်မှုများရှိနေပြီး အစိုးရထံမှ ရှင်းလင်းချက်ထုတ်ပြန်ပေးရန် လိုလားလျက် ရှိကြသည်။

ပြည်ပ E-commerce ကုမ္ပဏီများသို့ ငွေပေးချေမှုအပေါ် အိန္ဒိယအစိုးရက တန်းတူညီမျှမှု စည်းကြပ်အခွန် ၂% ကောက်ခံခြင်းသည် Google, Twitter, Facebook စသည့် အမေရိကန် ကုမ္ပဏီများ၏ အကျိုးစီးပွားအပေါ် ထိခိုက်နိုင်ဖွယ်ရာ ရှိသည့် မျှတမှုမရှိပဲ ခွဲခြားဆက်ဆံဆောင် ရွက်မှု မြောက်/မမြောက်ကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနက ဇွန်လအတွင်း၌ ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယသတင်းဌာနများ၏ ဖော်ပြချက်အရ ပြည်ပအခြေစိုက် အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီများထံသို့ ကြော်ငြာခ ကျသင့်ငွေများပေးချေခြင်းအပေါ် တန်းတူညီမျှမှု စည်းကြပ်အခွန် ၆% အား အိန္ဒိယအစိုးရက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ကောက်ခံခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ အခွန်ငွေ ရူပီးဘီလီယံ ၄၀ ကျော်ရရှိခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ၎င်းအခွန်ကောက်ခံရငွေမှာ ရူပီး ၁၁ ဘီလီယံခန့်ရှိကြောင်းနှင့် လုပ်ငန်းအသစ် တည်ထောင်လုပ်ကိုင်ဆောင်ရွက်သည့် အိန္ဒိယကုမ္ပဏီငယ်များကမူ ၎င်းအခွန်နှုန်းထားအား လျှော့ပေါ့ပေးရန် လိုလားလျက်ရှိကြောင်း သိရှိရပါသည်။

**Source:** 1. Digital Tax row: US probing 'Google Tax' by India, 4 Jun 2020, Financial Express

2. Google Tax: Government re-thinking equalisation levy, 5 Jun 2020, Economic Times

3. Govt not considering extending equalisation levy deadline, says companies got enough time, 7 Jul 2020, Economic Times

4. MNCs could face double taxation or get tax arbitrage due to new digital transaction law, 18 Jul 2020, Economic Times

5. India collected Rs 4,000 crore 'Google Tax' since 2016; Rs 1,100 crore in FY20, 21 Jul 2020, Business Today

6. Finance Act 2016 and Finance Act 2020, the Gazette of India Extraordinary

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## တိုယိုတာက ဩဂုတ်လအတွင်း ကမ္ဘာတစ်ဝှမ်းရှိ ၎င်း၏မော်တော်ကားထုတ်လုပ်မှုများ နာလန်ထူလာနိုင်ရန် မျှော်လင့်နေ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဝဂယက်ကြောင့် တိုယိုတာမော်တာကော်ပိုရေးရှင်း၏ မော်တော်ကားထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့မှုသည် လက်ရှိတွင် တဖြည်းဖြည်းနာလန်ထူလာသည့်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ကမ္ဘာတစ်ဝှမ်းရှိ ၎င်း၏ စက်ရုံများမှထုတ်လုပ်မှုမှာ မူလရည်မှန်းထားသည်ထက် ၂ % ခန့်သာ လျော့နည်းနိုင်မည်ဖြစ်ကြောင်း ဇူလိုင်လ ၂၃ ရက်နေ့က ပြောကြားခဲ့ပါသည်။

တိုယိုတာမော်တာသည် မူလက ဩဂုတ်လအတွင်း ကားစီးရေစုစုပေါင်း ၇၅၀၀၀၀ ခန့် လျော့ချထုတ်လုပ်ရန် ရည်မှန်းထားသော်လည်း လက်ရှိအခြေအနေအရ ကားအစီးရေ ၁၅၀၀၀ ခန့်သာ လျော့ချထုတ်လုပ်မည်ဖြစ်ကြောင်းဆိုပါသည်။ ဩဂုတ်လအတွက် ကားအစီးရေ လျော့ချထုတ်လုပ်မှုနှုန်းသည် အနည်းဆုံးဖြစ်ပြီး ဇူလိုင်လအတွင်း ၁၀ % ခန့်လျော့ချထုတ်လုပ်ခဲ့ကာ ဇွန်လအတွင်းကမူ ၄၀ % ခန့်အထိ လျော့ချခဲ့ရကြောင်း သိရပါသည်။

ဂျပန်နိုင်ငံ၊ မြို့တော်တိုကျိုတွင် ကိုရိုနာဒုတိယလှိုင်းနှင့် ရင်ဆိုင်နေရချိန်တွင် ယခုလအစောပိုင်းက တိုယိုတာမော်တာရုံးချုပ်မှ ဝန်ထမ်းတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်မှု စစ်ဆေးတွေ့ရှိရပါကြောင်း တိုယိုတာမော်တာက ထုတ်ပြန်ပြောကြားခဲ့ပါသည်။ ဇူလိုင်လ ၁၇ ရက်နေ့တွင် အဆိုပါစက်ရုံကို ရောဂါပိုးကင်းစင်ကြောင်းအတည်ပြုခဲ့ပြီး အချိန်တိုအတွင်း လုပ်ငန်းခွင်ပြန်လည် စတင်နိုင်ခဲ့ကြောင်းသိရပါသည်။

ကပ်ရောဂါပြန့်ပွားနေချိန်အတွင်း တိုယိုတာမော်တာအနေဖြင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ပထမနှင့် တတိယသုံးလပတ်ကာလများအတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်းများကို ရပ်နား ရန် ပြင်ဆင်နေပြီးနှင့် သတင်းထုတ်ပြန်မှုမျှသာ ဆောင်ရွက်မည်ဖြစ်ကြောင်း ကုမ္ပဏီမှ ပြောရေး ဆိုခွင့်ရှိသူက ပြောကြားခဲ့ပါသည်။

တိုယိုတာမော်တာသည် ကမ္ဘာတစ်ဝှမ်းရှိ ၎င်း၏ထုတ်လုပ်မှုများသည် ကပ်ရောဂါ ပြန့်ပွားမှုကြောင့် ရပ်နားထားရမှုမှ မူလလုပ်ငန်းဆောင်ရွက်မှုလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနေသော်ငြားလည်း ယခင် ၂၀၁၉ ခုနှစ်၏ ထုတ်လုပ်မှုနှင့် ရောင်းချမှုများနှင့်နှိုင်းယှဉ်ပါက ဆက်လက်လျော့ကျနေဆဲဖြစ်ကြောင်းသိရပါသည်။ လက်ရှိနောက်ဆုံးခန့်မှန်း လျာထားချက်စာရင်းများအရ တိုယိုတာအနေဖြင့် ပြီးခဲ့သည့်နှစ်က ထုတ်လုပ်မှုထက် ၉ % ခန့် လျော့ချလျာထားကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (29.7.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,500 | 10,500 | 10,000 | 1,249 | 12,506,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,750 | 3,800 | 3,750 | 2,964 | 11,174,700 | 38,929,150 | 145,984 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 21,500 | 21,500 | 185 | 3,977,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,800 | +100 | +3.70% | 2,800 | 2,800 | 2,800 | 1,500 | 4,200,000 | 19,977,223 | 55,936 |

## Market summary

As of 29th Jul. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.66 | -9.90 | -2.23% | 442.42 | 442.42 | 433.31 | 5,898 | 31,858,700 | 6 | 646,748 |

### Index chart




# Market Overview

As of 1:00 pm, 29th Jul. 2020

| MYANPIX | 434.66 ▼ 9.90 |
|---|---|
| Total Volume (shares) | 5,898 |
| Total Value (MMK) | 32 mil |
| Listed Company | 6 |
| Market Cap. (MMK) | 646,748 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 100 |